Save the Children

# မသန်မစွမ်းမှုရှိသူများနှင့် ကိုဗစ်-၁၉ အကြောင်း သိထားသင့်သည့်အချက် ၁၀ ချက်

**Save the Children မသန်စွမ်းမှုရှိသူများ အကျုံးဝင်ပါဝင်သည့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ မတ်လ ၁၈**

ကမ္ဘာ့နိုင်ငံအများစုနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာတွင် အစိုးရ၏ သတင်းအချက်အလက်ပေးပုံသည် မသန်စွမ်းမှုရှိသူများအတွက် လက်လှမ်းရယူနိုင်သော ပုံစံများ ဖြစ်မနေပါ သို့မဟုတ် ယင်းလုပ်ငန်းများက ၎င်းတို့ အားထားနေရသောအထောက်အပံ့ဝန်ဆောင်မှုများ လျော့နည်းသွားချိန်တွင် ပြန်လည်အစားထိုးပေးခြင်းများ မလုပ်ပေးပါဟု မသန်စွမ်းမှုရှိသူများက ဖွင့်ဟပြောဆိုကြသည်။ မသန်စွမ်းမှုရှိသူများ အခွင့်အရေးဆိုင်ရာ ကမ္ဘာကုလသမဂ္ဂ၏ အထူးအစီရင်ခံစာက ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ဤနေရာတွင် ဖတ်နိုင်ပါသည်။

## 1. တုန့်ပြန်ချက်အမျိုးအစား နှင့် အရေးပေါ် ပြင်ဆင်မှုများအားလုံး အကျုံးဝင်ပါဝင်ရမည်။

ဗိုင်းရပ်စ်ကို ထိန်းချုပ်ရန်လုပ်ဆောင်သော အားထုတ်မှုတိုင်းနှင့် လူနာများကို စီမံမှုများအားလုံး အကျုံးဝင် ပါဝင်မှုရှိရန် အရေးကြီးပါသည်။ အကျုံးဝင်ပါဝင်မှုအစီအစဉ်တွင် မသန်စွမ်းမှုရှိပြီး ကိုဗစ်-၁၉ ရောဂါ ရရှိနေသော ကလေးများနှင့် ပုဂ္ဂိုလ်တို့၏ အခြေအနေကို **အသိပညာပေး ဖြန့်ဝေမှု** ပါဝင်ရပါမည်။ ၎င်းအတွင်း **သတင်းအချက်အလက်များနှင့် လုပ်ဆောင်ရမည့်အချက်များကို အလှမ်းမီရရှိအောင် ပြုလုပ်ထားခြင်း** ပါဝင်ပါသည်၊ သို့မှသာ ယင်းအကြောင်းချင်းရာများက အခြားသူတိုင်းအတွက် အကျိုးရှိစေသလို မသန်စွမ်းမှု ရှိနေသော ကလေးများနှင့် ပုဂ္ဂိုလ်များလည်း ညီညီမျှမျှ အကျိုးရှိစေနိုင်ပါသည်။ အထောက်အပံ့ပေးနေသည့် စနစ်များကို မပျက်ကွက်အောင် ထိန်းသိမ်းထားရန် လူမှုရေးအရ ကာကွယ်ပေးခြင်း ကဲ့သို့သော **မသန်စွမ်းမှု ရှိသူများကို အဓိက ဦးတည်ရန်အချို့လုပ်ဆောင်ချက်များ လိုအပ်ပါသည်**။ လူသားခြင်းစာနာထောက်ထားမှု လုပ်ငန်းစဉ်များအတွင်း မသန်စွမ်းမှုရှိသူများအား ထည့်သွင်းခြင်းအတွက် IASC ၏ လမ်းညွှန်ချက်များကို ဤနေရာတွင် ကြည့်ရှုပါ။ ၎င်းတို့ထဲမှ အများစုသည် အခြေအနေအားလုံးတွင် အသုံးချနိုင်ပါသည်။

## 2. မသန်စွမ်းမှုရှိသူများနှင့် ၎င်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းများသည် တုံ့ပြန်ဆောင်ရွက်ချက် လုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပါဝင်ရမည်

အဆိုပါ တုံ့ပြန်ဆောင်ရွက်ချက် အဆင့်အသီးသီးတွင် လုပ်ဆောင်အားထုတ်မှု၊ အဆင်သင့်ပြင်ဆင်မှု၊ သတင်း ပေးမှုနှင့် ဝန်ဆောင်မှုပေးမှုတို့ ပေးအပ်ရာတွင် ချို့ယွင်းချက်အမျိုးမျိုးရှိသူတို့ကို မည်သို့ အကျုံးဝင်ထည့်သွင်း နိုင်ပုံအတွက် မသန်စွမ်းမှုရှိသူများသာလျှင် အမှန်ကန်ဆုံး အကြံပေးများဖြစ်ပါသည်။ မသန်စွမ်းမှုရှိသူများ လှုပ်ရှားမှု၏ ကြွေးကြော်သံဖြစ်သော "ကျွန်တော်တို့မပါရင် ကျွန်တော်အတွက်မဟုတ်ပါ" သည် မသန်စွမ်းမှု ရှိသူများ၏ အခွင့်အရေးမြှင့်တင်ခြင်းနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့ လုပ်သမျှသည် မသန်စွမ်းမှုရှိသူများ ပါဝင်ရန် လိုအပ်ကြောင်း အချက်ကို ထောက်ကူပေးနေပါသည်။ ယင်းတို့သည် အပါယ်ခံများ နှင့် လူ့အသိုင်းအဝိုင်းမှ ခွဲထုတ်ခံရသည့် အုပ်စုများအား ကာကွယ်ရန်လုပ်ဆောင်ချက်များ မကြာခဏ နောက်ကျန်နေခဲ့တတ်သည့် အရေးအခင်းများ ပေါ်ပေါက်သည့်အချိန်များတွင် အထူးမှန်ကန်ပါသည်။ ကမ္ဘာ့နိုင်ငံအတော်များများတွင် ကျွန်ုပ်တို့ ဖွင့်လှစ်ထားသော ကိုယ်စားလှယ်အဖွဲ့အစည်းများစာရင်းကို ဤနေရာတွင် သင်ရှာဖွေနိုင်ပါသည်။

## 3. မသန်စွမ်းမှုရှိသူများသည် အန္တရာယ်ကျရောက်နိုင်ချေအမြင့်ဆုံးသော အုပ်စုများထဲမှ တစ်ခု ဖြစ်သည်

မသန်စွမ်းမှုတစ်ခုတည်းကြောင့် လူတစ်ဦးအား အန္တရာယ်ကျရောက်နိုင်ချေ မြင့်မားသော အုပ်စုထဲသို့ မရောက်စေသော်လည်း မသန်စွမ်းမှုရှိသူများသည် ဗိုင်းရပ်စ်၏ ဆိုးကျိုးသက်ရောက်မှုကို ပိုမိုဆိုးရွားစေသော ရေရှည် တွဲဖက်ကျန်းမာရေးပြဿနာများကို ပိုမိုပိုင်ဆိုင်ထားဖွယ်ရှိပါသည်။ ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက် သော သတင်းအချက်အလက်များသည် နေရာတိုင်းပင် ရှိတတ်သော်လည်း အကယ်၍ သင်သည် အန္တရာယ် ကျရောက်နိုင်ချေ မြင့်မားသော အုပ်စုဝင်တစ်ဦးဖြစ်ခဲ့လျှင် မည်သို့ လုပ်ဆောင်ရမည်နည်း ဟူသော အချက်အလက်မျိုးသည် ရှားပါးတတ်သောကြောင့် ကြောင့်ကြစိုးရိမ်နေသော မသန်စွမ်းမှုရှိသူများ၏ ဖုန်းခေါ်ဆိုမေးမြန်းမှု အမြောက်အများကို ကြုံတွေ့ရလေ့ရှိသည်။

## 4. "စိတ်မပူပါနဲ့။ ဒီရောဂါသည် အသက်ကြီးသူများနှင့် ရှိလက်စ သို့မဟုတ် ရေရှည်ကျန်းမာရေး ပြဿနာရှိနေသူများသာ အန္တရာယ်ရှိတာပါ" ဟု ပြောဆိုခြင်းသည် မသင့်တော်ပါ။

ၚင်းကဲ့သို ပြောဆိုခြင်းသည် လူ့အခွင့်အရေးကို အခြေခံသော ချည်းကပ်ပုံနှင့်လည်း မကိုက်ညီပါ။ အဖွဲ့အစည်း တစ်ခု ဖြစ်သည်နှင့်အညီ ကလေးများကို ကယ်တင်ခြင်းဟု အဓိပ္ပါယ်ရသည့် Save the Children က ကလေးများ၏ အခွင့်အရေး သဘောတူညီချက်များကို လိုက်နာရုံသာမကဘဲ လူသားတိုင်း၏ အခွင့်အရေးနှင့် မသန်စွမ်းမှုရှိသူများ၏ အခွင့်အရေးသဘောတူညီချက်များနှင့် ပတ်သက်၍လည်း ထောက်ခံအားပေးပါသည်။ ထိုအဆိုသည် ဗိုင်းရပ်စ်ကို ထိန်းသိမ်းရာတွင် အဆင်သင့်အနေအထားဖြစ်ရန် အရေးကြီးကြောင်းကို ပေါ့လျော့သွားစေပါသည်။ ပြင်းထန်ပြီး ရှုပ်ထွေးသော မသန်စွမ်းမှုကို ရင်ဆိုင်နေရသောကလေးများကို ဤကဲ့သို့သော အယူအဆ၏ရန်မှ ကာကွယ်ရန်မှာ အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို လူ့အသိုင်းအဝိုင်းတွင် နေမကောင်းသူ၊ (သို့မဟုတ်) အားနည်းသူအဖြစ် ခေါ်သောအပြုအမူသည် ၎င်းတို့၏ ကိုယ့်ကိုယ်ကိုလေးစားမှုနှင့် တန်ဖိုးထားမှုအပေါ် ဆိုးကျိုးများ သက်ရောက်စေသောကြောင့်ဖြစ်သည်။

## 5. လူထုကျန်းမာရေး သတင်းအချက်အလက်များကို နည်းအမျိုးမျိုးနှင့် လက်လှမ်းမှီနိုင်သော ပုံစံများဖြင့် ပေးရပါမည်

လူများသည် သတင်းအချက်အလက်များကို တစ်ဘက်သားနားလည်အောင် ပေးပို့ပုံ နှင့် နားလည်ပုံ နှစ်ခုလုံး တွင် ကွဲပြားလေ့ရှိသောကြောင့် သတင်းအချက်အလက်ပေးရာတွင် ဆက်သွယ်ပြောဆိုမှု ပုံစံအမျိုးမျိုးကို သုံး၍ ပေးရန် အရေးကြီးပါသည်။ မဟုတ်ပါက လိုရာမရောက်ဖြစ်တတ်ပါသည်။ သတင်းအချက်အလက်များသည် ကလေးများ နားလည်နိုင်ရမည်ဖြစ်သည့်အပြင် အသံ၊ မြင်သာသော စာလုံးကြီးများ၊ လွယ်လွယ်ကူကူ ဖတ်နိုင်သောစာများ၊ ရုပ်ပုံများ နှင့် သင်္ကေတဘာသာစကားများ လည်း ပါဝင်ရပါမည်။ သတင်းမေးမြန်းနိုင်ရန် အချိန်မရွေးဆက်သွယ်နိုင်သောစနစ်များသည် အကြားအာရုံ ခက်ခဲသူများအတွက် စာသားများနှင့် အီးမေးလ်ပုံစံများနှင့်လည်း ရှိနေသင့်သည်။ အောက်ပါလင့်ခ်တစ်ခုစီရှိ ဥပမာများကို ကြည့်ပါ။

## 6. အော်တင်ဇင်ပုံစံအမျိုးမျိုး သို့မဟုတ် စိတ်ချရသော လုပ်နေကျအလုပ်များ လိုအပ်သော ကလေးများအတွက် လုပ်နေကျအလုပ်များ ပြတ်တောက်ခြင်းက အခက်အခဲဖြစ်စေနိုင်ပါသည်။

ကျောင်းသို့မသွားရခြင်း၊ ပုံမှန်လမ်းမလျှောက်ရခြင်း သို့မဟုတ် ပုံမှန်အစားအသောက်ကို မရယူနိုင်ခြင်း ကဲ့သို့သော နေ့စဉ် လုပ်နေကျအလုပ်များ ပြတ်တောက်မှုရှိပါက မသန်စွမ်းမှုရှိသည့်ကလေးရှိနေသော မိသားစုများသည် မြင့်မားသော ဖိအားဒဏ်ကို ခံနိုင်ပြီး၊ ကူညီပံ့ပိုးမှုကို မကြာမကြာ ပိုမိုလိုအပ်စေပါသည်။ အချို့သောစနစ်ပုံစံများတွင်း အသားကျနေသည့် ကလေးများ သို့မဟုတ် မိဘများသည် ယင်းစနစ် ပြတ်တောက်ချိန်၌ အိမ်တွင်း အခက်အခဲများကို ပိုမိုရင်ဆိုင်ရနိုင်ဖွယ်ရှိပြီး မသန်စွမ်းမှုရှိသောကလေးများနှင့် ၎င်းတို့ မောင်နှမများကို စိတ်အနှောင့်အယှက် သို့မဟုတ် အလွဲသုံးစား ဖြစ်နိုင်ခြေ ပိုမြင့်မားပါသည်။

## 7. ပုံမှန်ဆေးဝါးများ ရယူနိုင်ရန်လည်း ခက်ခဲလာစေနိုင်ပါသည်

မသန်စွမ်းမှုရှိသောကလေးများသည် ကျန်းမာစေရန်နှင့် လုပ်ငန်းဆောင်တာလုပ်ဆောင်နိုင်စေရန် ပုံမှန် ဆေးညွှန်းများ နှင့် ဆေးဝါးများ လိုအပ်ပါသည်။ ကျန်းမာရေးစနစ်များကို ပြတ်တောက်နေချိန်နှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၏ ပုံမှန် ကုသမှု စွမ်းရည်ကျဆင်းချိန်တွင် မသန်စွမ်းမှုရှိသည့်ကလေးများသည် ကျန်းမာစွာ နေနိုင်ရန် အရေးကြီးသောကုသမှုများ မရသည့်အခြေအနေများ ဖြစ်နိုင်ပါသည်။ ကျန်းမာရေးဝန်ဆောင်မှု ပေးသူများသည် မသန်စွမ်းမှုရှိသူများအပေါ်တွင် လူ့အသိုင်းအဝိုင်းမှခွဲထုတ်သည့်လွဲမှားသော အယူအဆများ ကြောင့် သို့မဟုတ် အသိပညာ နည်းပါးမှုကြောင့် ခွဲခြားဆက်ဆံမှုများဖြစ်ပွားနေချိန်တွင် ဤကဲ့သို့ အဖြစ်များ ပိုမိုဖြစ်ပွားလေ့ရှိသည်။

## 8. မသန်စွမ်းမှုရှိသူများအနေဖြင့် မိမိကိုယ်ကို မည်သို့ကာကွယ်ရမည့် သတိပေးချက်များကို လိုက်နာရန် အခက်အခဲများ ရှိလာနိုင်ပါသည်။

မသန်စွမ်းမှုရှိသူအတော်များများသည် တစ်နေ့တာအလုပ်များကို လုပ်ဆောင်ရာတွင် တခြားသူတစ်ဦးဦး၏ အကူအညီနှင့် ပံ့ပိုးပေးမှုများအပေါ်တွင် မှီခိုရပါသည်။ ၎င်းတို့တွင် လက်ဆေးခြင်း၊ စားသောက်ခြင်း၊ အဝတ်အစားဝတ်ခြင်း၊ နှာချေချိန်တွင် ကာကွယ်ရန် တစ်ခုခုကို ဆောင်ထားရခြင်း၊ တစ်ရှူးစက္ကူကို စွန့်ပစ်ခြင်း၊ အဝတ်များလျှော်ဖွတ်ခြင်း စသည်တို့ ပါဝင်ပါသည်။ သင့်နေ့စဉ်ပုံမှန် လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရန် အတွက် အခြားသူတစ်ဦး၏ အကူအညီလိုသောအချိန်တွင် တစ်ဦးတည်း သီးခြားနေပြီး တစ်နေ့တာ အလုပ်များလုပ်နိုင်ရန် သို့မဟုတ် လူများနှင့် ဝေးဝေးနေရန် လိုအပ်သောပြင်ဆင်မှုများ လုပ်နိုင်ရန် များစွာ ခက်ခဲပါသည်။ အခြားတစ်ဦး၏ အကူအညီလိုနေချိန်တွင် ကုန်စုံပစ္စည်းများဝယ်စုရန် သို့မဟုတ် အိမ်သို့ ပစ္စည်းများယူလာရန်သည်လည်း အခက်အခဲနောက်တစ်ခု ဖြစ်ပါသည်။ ကလေးများသည် အထူးသဖြင့် ထိခိုက်လွယ်ကြပြီး မသန်စွမ်းမှုရှိသည့်ကလေးငယ်များ၏ မိဘများသည်လည်း ထိခိုက်ခံရနိုင်ပါသည်။

Save the Children

## ၉။ ကိုရိုနာဗိုင်းရပ်စ် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခြင်းသည် အမှီအခိုကင်းမှု ကျဆင်းစေပြီး၊ အန္တရာယ် ကျရောက်နိုင်ချေပိုများစေပါသည်။

မသန်စွမ်းမှုရှိသူအများစု အမှီအခိုကင်းကင်းဖြင့် နေနိုင်ရန် တစ်ကိုယ်ရည် အကူအညီနှင့် ပံ့ပိုးမှုသည် အခရာ ကျပါသည်။ အနီးကပ်စောင့်ကြည့်ခြင်းနှင့် လူများနှင့် ခပ်ခွာခွာနေခြင်းသည် မသန်စွမ်းမှုရှိသူများ အမှီအခိုကင်း စွာ အိမ်တွင်နေနိုင်စေရန် အကူအညီပေးနေသော အထောက်အကူစနစ်များနှင့် ကွန်ယက်များကို အားလျော့ သွားစေပါသည်။ အကယ်၍ အဓိကပုဂ္ဂိုလ် သို့မဟုတ် မိသားစုဝင်တစ်ဦးဦး ရောဂါကူးစက်ခံရ၍ ပုံမှန် ပံ့ပိုးနေကျအလုပ်များကို မလုပ်ဆောင်နိုင်သောအခါတွင် နေ့စဉ်အသက်ရှင်နေထိုင်ရေးအပေါ် ပိုမိုပြင်းထန်စွာ ထိခိုက်ခံရနိုင်ပါသည်။ တရုတ်နိုင်ငံတွင် ဖခင်ကို အနီးကပ်စောင့်ကြည့်ရန် ရုတ်တရက် ခေါ်ဆောင်သွားချိန်တွင် ကျန်ရစ်ခဲ့သည့် အကြောသေဝေဒနာ ခံစားနေရသော ၁၆ နှစ်အရွယ် သားအတွက် မည်သည့် အစီအမံမျှ မလုပ်နိုင်ခဲ့သောကြောင့် အဆိုပါကလေး အကူအညီမဲ့ပြီး သေဆုံးသွားခဲ့ရသည့်အကြောင်းကို အားလုံး ကြားသိပြီးဖြစ်ပါမည်။ လူတစ်ဦးကိုဖြစ်စေ၊ ၎င်းအား စောင့်ရှောက်သူ သို့မဟုတ် ထောက်ကူသူကိုဖြစ်စေ အန္တရာယ်ကျရောက်စေမည့် ဆုံးဖြတ်ချက်သည် အခြေအနေကို ပိုမိုရှုပ်ထွေးစေပါသည်။ ၎င်းသည် ပြန်လည်ထူထောင်ရေးဌာနများတွင် ပိုမိုသိသာထင်ရှားပါသည်။ ၎င်းချစ်သောသူများဖြင့် အဆက်အသွယ် နှင့် အကူအညီ ကွန်ယက်များကို ဖြတ်တောက်ခြင်းသည် မသန်စွမ်းမှုရှိသူများ အထူးသဖြင့် ကလေးငယ်များကို အလွဲသုံးစား အပြုအမူများမှ လုံးဝအကာအကွယ်မဲ့စေပါသည်။

## 10. ကျောင်းအိပ်ကျောင်းစားကျောင်းများနှင့် နေ့ကလေးထိန်းဂေဟာများကို ပိတ်ခြင်းသည် မသန်စွမ်းမှုရှိသူများအပေါ် အလွဲသုံးစားလုပ်ခြင်း အန္တရာယ် ကျရောက်စေနိုင်ပါသည်။

ကျောင်းအိပ်ကျောင်းစားကျောင်းများနှင့် နေ့ကလေးထိန်းဂေဟာများ ပိတ်သည့် သို့မဟုတ် ဖျက်သိမ်းသည့် အခြေအနေတွင် အိမ်တွင်းစောင့်ရှောက်ရေး နှင့် လှုပ်ရှားမှုများကို အားကောင်းစေမည့် ပြဌာန်းချက်များ ပြုလုပ်ရမည်။ မသန်စွမ်းမှုရှိသည့်ကလေးများသည် အခြားကလေးများနှင့် ယှဉ်လျှင် ပုံမှန်ထက်ပိုသော ဂရုစိုက်မှု လိုအပ်သောကြောင့် ကလေးကို အိမ်တွင် ထားလေ့မရှိသော မိသားစုများအနေဖြင့် ရုန်းကန်ရနိုင်ပြီး ယင်းက ကလေးအား အလွဲသုံးစားလုပ်ခြင်း၊ ဥပက္ခာပြုခြင်း နှင့် အကြမ်းဖက်ခြင်းအန္တရာယ် ခံစားရစေနိုင်ပါသည်။ အဓိက ဂရုစိုက်ပေးနေသူများနှင့် လုံခြုံရေးကွန်ယက်များအတွင်း ရုတ်တရက် မမျှော်လင့်နိုင်သော အပြောင်းအလဲများသည် ကလေးအပေါ်တွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို ပိုမိုဖြစ်စေပါသည်။